



# နားမကြားသူများအတွက် အထူးတယ်လီဖုန်း

အသက်အရွယ်ကြီးလာလို့ဖြစ်စေ၊ ကျန်းမာရေး ချို့ယွင်းလို့ ဖြစ်စေ နားလုံးဝမကြားခြင်းနှင့် နားကောင်းစွာမကြားခြင်း ခံစားရသူများအတွက် နေ့စဉ် လှုပ်ရှားမှုများတွင် အဆင်ပြေစေရန်  အထူးတီထွင်ထားသော တယ်လီဖုန်း ထွက်ပေါ်လာပါပြီ။

ကက်ပ်တဲလ် ဟု အမည်ရသော တယ်လီဖုန်းသည် ကြိုးနှင့် ဆက်သွယ်အသုံးပြုသော သာမန် ဖုန်းမျိုးဖြစ်ပြီး ဖုန်း ကိုယ်ထည် အပေါ်တွင် မှန်သားပြင်တခု အပို ပါရှိပါသည်။ အကြားအာရုံ အားနည်းသူတွင် ကက်ပ်ထဲလ် တယ်လီဖုန်း တပ်ဆင်ထားလျှင် အသံကြားနေရသည့်အပြင် ကိုယ်နှင့် ဖုန်းပြောနေသောသူ ပြောဆိုသမျှ စကားအားလုံးကို မှန်သားပြင်အပေါ်မှာ အပြည့်အစုံ တွေ့မြင်နိုင်ပါသည်။ တဘက်မှ ပြောနေသည့် အသံကို ကြားနေရသလို  ပြောသမျှစကားလုံးတိုင်း၊ ဝါကျတိုင်းကို တချိန်တည်းမှာ မြင်တွေ့နေရခြင်းကြောင့် လူကောင်း တယောက်ကဲ့သို့ ပြည်ပြည့်ဝ အကြားအာရုံ သိရှိ ခံစားရရှိရစေနိုင်ပါသည်။

နားမကြားသူနှင့် အခြားသူတို့ စကားပြောဆိုသည့် အခါ ကြားခံအဖြစ် အလွန်ခေတ်မီ သောကွန်ပျူတာ ပရိုဂရမ် စက်ကရိယာ ထားရှိသောကြောင့် ယင်းစက်မှ စကားသံရော ကြားနေရသည့်အပြင် ဘာပြောသည်ဆိုသည့်  စာသားပါ မြင်တွေ့ရပါသည်။ စကားသံမှ စာသားအဖြစ်ပြောင်းလဲ ပေးသည့် ဝန်ဆောင်မှုအတွက် အခကြေးငွေ ထပ်မပေးရပါ၊ပြောဆိုသည့် စကား၏ စာသားများကို ကွန်ပြူတာ မော်နီတာပေါ်တွင်လည်း မြင်လိုချင်လျှင် ထပ်မံ လုပ်ဆောင်နိုင်ပါသည်။
ယခုအခါ အမေရိကန် ပြည်နယ်များစွာ၌ ဤ အထူး တယ်လီဖုန်းကို အခမဲ့သော်၄င်း၊ ဈေးများစွာ လျှော့ချ၍ သော်၄င်း ဖြန့်ဝေ ပေးလျှက်ရှိပါသည်။

ဆရာမောင်၏ သိပ္ပံနှင့် နည်းပညာ အာအက်ဖ်အေ အသံလွှင့်ချက်များမှ